။ ငါကိုယ်တော် အလ္လာဟ်အရှင်မြတ်အား

တိုင်တည်ကျိန်ဆို၍ပြောမည်။

ငါကိုယ်တော်သည်အရာတစ်ခုခုကို ကျိန်ဆိုပြီးနောက်

ထိုအရာထက် ပိုမိုကောင်းမွန်သော အရာတစ်ခုကို

တွေ့ရှိပါက၊ ငါကိုယ်တော် ကျိန်ဆိုခဲ့သောအရာအတွက်

ကဖ်ဖာရဟ်လျော်ကြေးပေးပြီး ပိုမိုကောင်းမွန်သော အရာကိုပြုလုပ်တော်မူမည် ဖြစ်သည်။

အဘူမူစာ အရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်
အရှ်အရီမျိုးနွယ်စုမှ လူအချို့နှင့်အတူ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ လာရောက်ခဲ့သည်။ ကျွန်ုပ်သည် ကိုယ်တော့်ထံ
စီးနင်းရန် အစီးအနင်းတောင်းခံခဲ့ရာ၊ ကိုယ်တော်က ဤသို့ မိန့်ကြားတော်မူခဲ့သည်-
"အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ငါကိုယ်တော် သင်တို့အား စီးနင်းရန်အစီးအနင်း
မပေးနိုင်ပါ။ ငါကိုယ်တော့်ထံတွင် သင်တို့စီးနင်းရန် ပေးစရာ အစီးအနင်းလည်းမရှိပါ။" ထို့နောက် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသမျှ ကာလအထိထိုနေရာ၌ နေထိုင်ခဲ့ကြသည်။ ထိုအတောအတွင်း ကိုယ်တော့်ထံသို့ ကုလားအုပ်အချို့
ရောက်ရှိလာခဲ့သည်။ ထိုအခါ တမန်တော်သည် ကျွန်ုပ်တို့အား ကုလားအုပ်သုံးကောင်
ပေးရန် အမိန့်ပေးတော်မူခဲ့သည်။ ကျွန်ုပ်တို့ ထွက်ခွာသွားကြသောအခါ၊
ကျွန်ုပ်တို့ထဲမှ အချို့သည် အချင်းချင်း ဤသို့ ပြောဆိုခဲ့ကြသည်-
"အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အတွက် ဗရ်ကသ်ကောင်းချီးမင်္ဂလာများ
ပေးတော်မမူပါစေနှင့်။ ကျွန်ုပ်တို့သည် အလ္လာဟ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ရောက်ရှိလာပြီး စီးနင်းအစီးအနင်း
တောင်းခံခဲ့ကြသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား စီးနင်းရန်အစီးအနင်း
မပေးနိုင်ကြောင်း အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆို၍ ပြောကြားခဲ့သော်လည်းနောက်ပိုင်းတွင် ပေးအပ်ခဲ့သည်။" အဘူမူစာ (ရဿွိယလ္လာဟုအန်ဟု) က ဆက်လက်၍ ဤသို့ပြောကြားခဲ့သည်- ထို့ကြောင့် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံသို့ ပြန်လာခဲ့ပြီး ထိုကိစ္စကို ကိုယ်တော့်အားတင်ပြခဲ့ကြသည်။ ထိုအခါ ကိုယ်တော်မြတ်က ဤသို့ မိန့်ကြားတော်မူခဲ့သည်-
"ငါကိုယ်တော်သည် သင်တို့အား စီးနင်းရန်အစီးအနင်း ပေးခဲ့သည်မဟုတ်ပါ။ သင်တို့အားအစီးအနင်းကို အလ္လာဟ်အရှင်မြတ်ကသာ ပေးသနားတော်မူခဲ့ခြင်းဖြစ်သည်။ ငါကိုယ်တော်
အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကျိန်ဆို၍ပြောမည်။ ငါကိုယ်တော်သည်အရာတစ်ခုခုကို
ကျိန်ဆိုပြီးနောက် ထိုအရာထက် ပိုမိုကောင်းမွန်သော အရာတစ်ခုကို တွေ့ရှိပါက၊
ငါကိုယ်တော် ကျိန်ဆိုခဲ့သောအရာအတွက် ကဖ်ဖာရဟ်လျော်ကြေးပေးပြီး
ပိုမိုကောင်းမွန်သော အရာကို ပြုလုပ်တော်မူမည် ဖြစ်သည်။
[صحيح] [متفق عليه]

အဘူမူစာအရှ်အရီ (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်တင်ပြခဲ့သည်။ သူသည် အလ္လာဟ်အရှင်မြတ်၏

http://www.sunnah.global/hadeeth/my/show/2961